myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

May 28, 2019 Volume 19, Number 19

| ၂၈.၅.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၆၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၆ ကျပ် |
| CBM Rate | = ၁၅၃၂.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၀.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၆၅ကျပ် |

Source: CBM Rate, etrademyanmar.com

## ဈေးကွက်သစ်တစ်ခုအနေနဲ့ မြန်မာ့ဆန်ကို ဖိလစ်ပိုင်သို့ တိုးချဲ့တင်ပို့

မြန်မာ့ဆန်တင်ပို့မှုအတွက် ဈေးကွက်သစ်တစ်ခုအနေနဲ့ ယခုနှစ်တွင် ဖိလစ်ပိုင်ဈေးကွက်သို့ တိုးချဲ့တင်ပို့လျက်ရှိတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါတယ်။ ဒီနှစ်မှာဖိလစ်ပိုင်ဈေးကွက်ထပ်ရတယ်။ ဖိလစ်ပိုင်အစိုးရခေါ်တဲ့ ဆန်တင်ဒါမှာလည်း မြန်မာနိုင်ငံက အောင်မြင်ခဲ့တယ်။ သူတို့ဘက်က မြန်မာ့ဆန်ကိုကြိုက်တယ်။ လက်ရှိလည်း ဖိလစ်ပိုင်ဘက်ကို ပို့နေတယ်လို့ ၎င်းကပြောပါတယ်။

လက်ရှိတွင် ဖိလစ်ပိုင်ဈေးကွက်အပြင် အာဖရိကဈေးကွက်များကိုလည်း တင်ပို့နေပြီး အာဖရိကဈေးကွက်ကို ဆန်တင်ပို့ဖို့ ပို့ကုန်လိုင်စင်လာရောက်လျှောက်ထားသူတွေလည်းရှိတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရပါတယ်။ အိုင်ဗရီကို့စ်နိုင်ငံက မြန်မာ့ဆန်ဖျက်ဆီးလိုက်မှုနဲ့ပတ်သက်ပြီး မြန်မာ့ဆန်ဈေးကွက်အပေါ် အနည်းငယ်သက်ရောက်မှုရှိပေမယ့်လည်း ပြည်ပဆန်တင်ပို့မှုအပေါ် ထိခိုက်မှုမရှိဘူးလို့ ယင်းဌာနမှသိရပါတယ်။ လက်ရှိ တရုတ်နိုင်ငံဘက်က လုံခြုံရေးတင်းကြပ်ကာ အဖမ်းအဆီးများ ပြုလုပ်နေတာကြောင့် တရုတ်နိုင်ငံကို ဆန်တင်ပို့မှု ရပ်ဆိုင်းထားရတဲ့အပြင် အခုရက်ပိုင်းအတွင်း ထွက်ပေါ်လာတဲ့ နွေစပါးများမှာလည်း လျှပ်စစ်မီးနဲ့ အခြောက်ခံစက် အခက်အခဲတွေကြောင့် စပါးဈေးများကျဆင်းကာ ပြည်တွင်းမှာ ဆန်လက်ကျန်များနေခြင်းဖြစ်ပါတယ်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်နေ့မှ ဧပြီလ ၂၆ ရက်နေ့အထိ ပြည်ပကို ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁.၃ သန်းကျော်တင်ပို့ထားပြီး တင်ပို့ငွေ အမေရိကန်ဒေါ်လာ ၄၁၂ သန်းကျော်ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2005-myanma-rices.html

## သီလဝါမှာထုတ်မယ့်တိုယိုတာ ရန်ကုန်လိုင်စင်ရဖို့ရှိပြီး မြန်မာကားဈေးကွက်ကို ပြောင်းလဲမှုတွေရှိလာနိုင်

ဂျပန်နိုင်ငံအခြေစိုက် ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ တိုယိုတာကုမ္ပဏီက သီလဝါအထူးစီးပွားရေးဇုန်မှာ စက်ရုံထောင်ပြီး မော်တော်ကားတွေထုတ်လုပ်ဖို့ လာရောက်စုံစမ်းထားပြီး မကြာခင်လာရောက်ရင်းနှီးမြှုပ်နှံဖွယ်ရှိတယ်လို့ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ တွဲဘက်အတွင်းရေးမှူး ဒေါ်သန်းသန်းသွယ်က ဘီဘီစီကိုပြောပါတယ်။ တိုယိုတာကားဟာ မြန်မာနိုင်ငံမှာ တပ်ဆင်ထုတ်လုပ်မယ်ဆိုရင် အစိုးရရဲ့မူဝါဒအရ ရန်ကုန်လိုင်စင်ရဖို့ရှိပြီးလက်ရှိ မြန်မာနိုင်ငံမှာ မော်တော်ကားဈေးကွက်ကို ပြောင်းလဲမှုတွေရှိနိုင်တယ်လို့လည်း ကားဝယ်ရောင်းလုပ်ကိုင်သူတွေက ပြောပါတယ်။ တိုယိုတာကုမ္ပဏီက မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံဖို့ကို ဒီ(မေ)လအတွင်းမှာ တရားဝင်ထုတ်ပြန်သွားဖို့ရှိနေပြီး စက်ရုံတည်ဆောက်ရေးလုပ်ငန်းတွေကို ဒီနှစ်အတွင်းမှာလုပ်သွားဖို့ရှိတယ်လို့ မေ ၂၆ ရက်နေ့က ဂျပန်သတင်းမီဒီယာတွေမှာ ဖော်ပြခဲ့ကြပါတယ်။ ဒီမှာတော့ လာလုပ်ဖို့ လာရောက်ဆွေးနွေးတာ စုံစမ်းတာရှိတယ်။ မြေနေရာတွေ ဘာတွေ

လာကြည့်သွားတယ်။ သူတို့ ဒါရိုက်တာအဖွဲ့ဝင်အစည်းအဝေး(BOD ) မှာဆုံးဖြတ်ပြီးရင်လာပါ့မယ်လို့ပြောသွားတယ်လို့ တိုယိုတာကုမ္ပဏီလာရောက်မြုပ်နှံမယ့်အခြေအနေအပေါ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ တွဲဘက်အတွင်းရေးမှူး ဒေါ်သန်းသန်းသွယ်ကပြောပြပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ မော်တော်ကားထုတ်လုပ်တဲ့နေရာမှာ နာမည်ကျော်အမှတ်တံဆိပ်တွေဖြစ်တဲ့ Ford ၊NISSAN ၊ Suzuki ၊ Kia ၊ Hyundai စတဲ့ ကုမ္ပဏီတွေလည်းလာရောက်ရင်းနှီးမြုပ်နှံထားပြီး ပြည်တွင်းဈေးကွက်အတွက် ကားတွေထုတ်လုပ်ရောင်းချလျှက်ရှိပါတယ်။ တိုယိုတာက ဘာကားထုတ်မလဲမသိသေးဘူး သူ့ကားတော်တော်များများက ဈေးကွက်ပေါက်ပြီးသား ရန်ကုန်လိုင်စင်နဲ့ဆိုရင် အခုဈေးကွက်ကို ပြောင်းနိုင်တယ်လို့လည်း ရန်ကုန်အခြေစိုက်ကားဝယ်ရောင်းတစ်ဦးကပြောပါတယ်။ ပြည်ပကလာရောက်ထုတ်လုပ်နေတဲ့ ကားတွေအနက် ကားသစ်ဈေးကွက်ရဲ့ ၅၀ ရာခိုင်နှုန်းဝန်းကျင်ကို ဆူဇူကီးကုမ္ပဏီက ရယူထားတာဖြစ်တယ်လို့လည်း မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ရေးနဲ့ ဖြန့်ဖြူး ရောင်းချရေးအသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကဘီဘီစီကိုပြောပါတယ်။ တိုယိုတာလာမယ်ဆိုရင် မြန်မာနိုင်ငံအတွက်လည်းကောင်းပါတယ်။သတင်းတွေအရတော့သူတို့ထုတ်မှာကလည်း pickup ကားတွေပဲလို့ဆိုတော့ လက်ရှိမှာလည်း pickup ကဖို့ဒ်တစ်မျိုးတည်းရှိသေးတာ။ တိုယိုတာကတော့ နဂိုတည်းက မြန်မာတွေက ကြိုက်ပြီး သား ဆိုတော့ ရွေးချယ်စရာနောက်တစ်ခုတိုးတာပေါ့။ ရန်ကုန်လိုင်စင်က ပြည်တွင်းထုတ်ကားတွေပဲပေးတော့ သူတို့က ဈေးကွက်ရတယ်လို့ တိုယိုတာကုမ္ပဏီမြန်မာနိုင်ငံလာမယ့်အခြေအနေအပေါ် ဒေါက်တာစိုးထွန်းကသုံးသပ်ပြောဆိုပါတယ်။

တိုယိုတာကားကုမ္ပဏီဟာ သီလဝါအထူးစီးပွားရေးဇုန်မှာလာရောက်ရင်းနှီးမြုပ်နှံဖြစ်ခဲ့မယ်ဆိုရင် သီလဝါဇုန်မှာလာရောက်မြုပ်နှံတဲ့ ဂျပန်ကားကုမ္ပဏီတွေအနက် ဆူဇူကီးပြီးရင် ဒုတိယမြောက်ကုမ္ပဏီ တစ်ခုဖြစ်လာတော့မှာပါ။ ဂျပန်-မြန်မာပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာ လာရောက်ရင်းနှီးမြုပ်နှံတဲ့ကုမ္ပဏီတွေထဲ ဂျပန်ကုမ္ပဏီတွေက အများဆုံးဖြစ်ပါတယ်။ မကြာခင်ကလည်း ဂျပန်နိုင်ငံက ဒုတိယအကြီးဆုံးသံမဏိစက်ရုံတစ်ခုဖြစ်တဲ့ JFE ကုမ္ပဏီက သီလဝါဇုန်မှာ လာရောက်ရင်းနှီးမြုပ်နှံပြီးတည်ဆောက်ရေးလုပ်ငန်းတွေ စတင်နေပြီလည်းဖြစ်တယ်လို့သိရပါတယ်။

**Source:** https://www.bbc.com/burmese/burma-48419555

## တရုတ်သို့ ဆန်စပါးတင်ပို့မှုကျဆင်းနေသောကြောင့် ပိုမိုရောင်းချနိုင်ရေးကြိုးပမ်းနေ

၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ အဓိကဆန်စပါးဝယ်လက်ဖြစ်သည့် တရုတ်နိုင်ငံဘက်သို့ တင်ပို့မှုမှာ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သောကြောင့် ပိုမိုရောင်းချနိုင်ရေး ကြိုးပမ်းနေသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောဆိုလိုက်သည်။ ဈေးနှုန်းကျဆင်းမှုမှာ ကိုယ်တို့ရဲ့ပုံမှန်တင်ပို့မှုလုပ်နေတဲ့ တရုတ်ဈေးကွက်ကြီးဟာ ဒီနှစ်မှာ ၈၀ ရာခိုင်နှုန်း လောက် လျော့သွားတယ်။ နယ်စပ်တင်ပို့မှု လျော့သွားတဲ့အပြင် ပင်လယ်ရေကြောင်းတင်ပို့မှုမှာ EU က GSP အခွင့်အရေး(ကုန်သွယ်ရေးဆိုင်ရာအထူးအခွင့်အရေး)နဲ့ ပတ်သက်ပြီး ဆန်လုံးရှည်တွေကို GSP ရုပ်သိမ်းခဲ့ တယ်။ ဒါကြောင့်မို့လို့ ဝယ်လိုအား ကျဆင်းတယ်။ ဈေးကွက်တွေ နည်းနည်းလျော့သွားတယ်” ဟု ဦးအောင်သန်းဦးက ပြောသည်။ ထို့ကြောင့် တရုတ်နိုင်ငံသို့ G to G (အစိုးရချင်းချိတ်ဆက်သည့်စနစ်) ဖြင့်ရောင်းချနိုင်ရန်နှင့် လက်ရှိ ဆန်စပါး ဈေးကွက်အခြေအနေများကို အသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်မြို့ရှိ UMFCCI တွင် မေ ၂၇ ရက်နေ့က ဆွေးနွေးခဲ့ကြသည်။ မနှစ်က ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်မှာတရုတ်နယ်စပ်က ဆန်တန်ချိန် ၁.၈ သန်းလောက်ထိတင်ပို့နိုင်ခဲ့တယ်။ ယခုနှစ်လျော့ကျသွားတဲ့အပေါ်မှာ လက်တွေ့ဖြစ်ပေါ်နေတဲ့ ဈေးနှုန်းကျဆင်းခြင်းနဲ့ပတ်သက်ပြီးတော့ ဈေးကွက်ပြန်လည်ရရှိဖို့ တရားဝင်တင်ပို့နိုင်မှုအပိုင်းတွေ ဆွေးနွေးတာ ဖြစ်ပါတယ်ဟု ဦးအောင်သန်းဦးကပြောသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၆၈ သန်း တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံ တင်ပို့မှုလျော့ကျခြင်းအပြင် အီးယူ၏ မြန်မာနိုင်ငံအပေါ်အခွန်ပြန်ကောက်ရန် ဆုံးဖြတ်မှုများကြောင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂ သန်းကျော်သာ တင်ပို့နိုင်ခဲ့သည်။

တရုတ်ဘက်မှ ဝယ်ယူမှု လျော့ကျခြင်းမှာ ဆန်လုံးရှည်များကို တရုတ်ကုန်သည်များက စက်မှုလုပ်ငန်းသုံး ပါမစ်များဖြင့် ပြန်တင်သွင်းသောကြောင့် တရုတ်အစိုးရမှ မြန်မာဘက်မှ ဆန်တင်ပို့မှုကို တင်းကြပ်လိုက်ခြင်းကြောင့် ဖြစ်သည်။ထို့ကြောင့် လက်ရှိတွင် နိုင်ငံခြားသို့တင်ပို့မည့်ဆန်များစွာ သောင်တင်နေပြီး ဆန်လက်ကျန်ပမာဏမှာ တန်ချိန် ၃ သန်းနှင့် ၃ သန်းခွဲကြားတွင်ရှိကြောင်းလည်းသိရသည်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကို ကုန်သွယ်ရေးဆိုင်ရာအထူးအခွင့်အရေး (GSP)ကို ပိတ်သိမ်းရန် စုံစမ်းစစ်ဆေးမည်ဆိုသော ဥရောပသမဂ္ဂ အီးယူမှ ပြီးခဲ့သည့်နှစ်က ကြေညာခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ စတင်ပြီး မြန်မာနိုင်ငံက တင်ပို့နေသည့် ဆန်လုံးရှည် အမျိုးအစားကို အခွန် ပြန်လည် ကောက်ခံရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ကုန်သွယ်ရေးဆိုင်ရာအထူးအခွင့်အရေး (GSP) ဆိုသည်မှာ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်လာရေးအတွက် အီးယူသည် ၂၀၁၃ ၌ မြန်မာပို့ကုန်များကို ကုန်သွယ်ခွန်ကောက်ခံခြင်းကနေ ဖယ်ရှားပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါအကြောင်းအရာများကြောင့် လက်ရှိအချိန် နွေစပါးရာသီ၌ တောင်သူအများစုက တရုတ်သို့တင်ပို့သည့် ဆန်လုံးရှည်အမျိုးအစားကို အဓိကစိုက်ပျိုးထားခြင်းကြောင့် တောင်သူများအခက်အခဲဖြစ်ပေါ်နေပြီး တာဝန်ရှိသူများအနေဖြင့် တရုတ်အစိုးရနှင့် တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ရန် ဆန်စပါးကုန်သည်များကလိုလားနေကြသည်။

**Source:** http://www.mizzimaburmese.com/article/57252

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြေဧက ၉၀၀ ပေါ်၌ ဒေါ်လာသန်း၂၀၀ ရင်းနှီးမြှုပ်နှံကာ ပြည်ပတင်ပို့ရန် ရည်ရွယ်လုပ်ဆောင်သည့် ငါးတန်မွေးမြူရေးစီမံကိန်းအတွက် အစုရှယ်ယာများ ဖွန်လတွင်စတင်ခေါ်ယူမည်



ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ မြေဧက ၉၀၀ ပေါ်တွင် ဖော်ဆောင်နေသည့် ပြည်ပတင်ပို့မှုအတွက် ရည်ရွယ်သည့် ငါးတန်မွေးမြူရေးစီမံကိန်း Global Earth Public Co.,Ltd အနေဖြင့် အစုရှယ်ယာများကို နောက်လတွင် စတင်ခေါ်ယူမည်ဖြစ်ကြောင်း စီမံကိန်းအတွင်းရှိ အအေးခန်းစက်ရုံ အုတ်မြစ်ချအခမ်းအနားတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် Global Earth Public Co.,Ltd ဥက္ကဋ္ဌဖြစ်သူ ဦးဌေးမြင့်က ပြောကြားသည်။

လက်ရှိတွင် အဆိုပါစီမံကိန်းအား ကနဦးအဆင့်အနေဖြင့် ဒေါ်လာ သန်း ၂၀၀ မြှုပ်နှံထားပြီး စီမံကိန်းတွင် ငါးကန်ပေါင်း ၂၆၀၊ သားပေါက်စခန်း၊ အအေးခန်းစက်ရုံ၊ အစာစက်ရုံ၊ သားပေါက်စခန်း၊ ဓာတ်ခွဲခန်း၊ ငါး ပေါင်းမှုန့်စက်ရုံနှင့် လုပ်သားများနေထိုင်နိုင်သည့် အိမ်ရာများပါဝင်ကာ ၂၀၂၀ ခုနှစ်တွင် လည်ပတ်နိုင်ရန် မျှော်မှန်းထားသည်။ အများပိုင်ကုမ္ပဏီဖြစ်တဲ့အတွက် အများအစုရှယ်ယာရဖို့ ရှာပါမယ်။ ချေးငွေးပြီး လဲလုပ်မယ်။ ဘဏ်တွေကလည်း ချေးမယ်ပြောပါတယ်။ နောက်လလောက်ဆို ရှယ်ယာစခေါ်ဖို့ လုပ်နေပါတယ်ဟု ဥက္ကဋ္ဌ ဦးဌေးမြင့်က ပြောကြားသည်။ ထိုစီမံကိန်းတွင် ကိုယ်ပိုင်အရင်းအနှီးဖြင့် ငါးကန်များကို ဝယ်ယူ၊ ငှားရမ်းနိုင်ပြီး သားပေါက်နှင့် အစာပံပိုးကာ ငါးပြန်ဝယ်ယူသည့်စနစ်နှင့် ရှယ်ယာထည့်ချင်သူများအတွက် အမြတ်ပြန်အမ်းသည့်စနစ် ပါဝင်သည်ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပငါးတင်ပို့မှု တစ်နှစ်လျှင် ဒေါ်လာသန်း ၇၀၀ ကျော်ရရှိနေပြီး ထိုစီမံကိန်းကို ၂၀၂၀ ခုနှစ်တွင် လည်ပတ်နိုင်ပါက ဒေါ်လာသန်း ၁၀၀၀ ရနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါစီမံကိန်းတွင် ငါးတန်မွေးမြူမည်ဖြစ်ကာ ဈေးကွက်အနေဖြင့် USA ၊ တရုတ်၊ ဂျပန်၊ ဥရောပအထိ တင်ပို့နိုင်အောင် လုပ်ဆောင် သွားမည်ဖြစ်ပြီး တစ်နှစ်ဝင်ငွေ ဒေါ်လာသန်း ၁၅၀ ရနိုင်ရန် မျှော်မှန်းထားသည်ဟုသိရသည်။ အခုက မွေးပြီးတော့ ပြည်ပဈေးကွက်ကို မပို့တာဘဲရှိတယ်။ ပြည်တွင်းဈေးကွက်မှာတော့ ငါးကို အစိမ်းလိုက်ရောင်းတာရှိတယ်။ ငါးခြောက်လုပ်ရောင်းတာရှိတယ်။ ငါးတန်က တစ်နေ့ကို ကုန်ချိန်တစ်သိန်းကျော်လောက် ပြည်တွင်းဈေးကွက်မှာတက်နေတာ။ အခုဒီစီမံကိန်းက ပြည်တွင်းဈေးကွက်အတွက်မဟုတ်ဘူး။ Export အတွက်ရည်ရွယ်ပြီးလုပ်တာ။ ငါးတန်ရဲ့အသားကိုလည်းတင်ပို့လို့ရသလို ဘေးထွက်ပစ္စည်းကိုလည်း အကုန်တင်ပို့မှာ။ အရေခွံ၊ ဆီ၊ အရိုးမှုန့်တင်ပို့မှာဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်ကဆိုသည်။

အဆိုပါစီမံကိန်းဆောင်ရွက်မှုကို လုပ်ဆောင်နေသည်မှာ နှစ်နှစ်နီးပါးရှိပြီး မွေးမြူရေးကန်များ လုပ်ဆောင်ခြင်း၊ စမ်းသပ်မွေးမြူခြင်းနှင့် မြေသားနှင့် လမ်းပြန်လည်ပြုပြင်ခြင်းများ၊ အိမ်ရာနှင့်အဆောက်အအုံဆောင်ရွက်မှုများ လုပ်ဆောင်နေပြီး

စီမံကိန်းပြီးဆုံးပါက အလုပ်အကိုင်ပေါင်း ၅၀၀၀ ခန့်ပေးနိုင်မည်ဖြစ်ကြောင်း Global Earth Public Co.,Ltd မှ ဒါရိုက်တာဒေါ်ဇင်မီသိန်းက ပြောကြားသည်။

**Source:** https://news-eleven.com/article/111616

## အခြေခံဈေးဖြင့် တောင်သူများ၏စပါး အစိုးရဝယ်ယူပေးရန် ဆန်စပါးအသင်းတောင်းဆို

စပါးဈေးကျဆင်းမှုကြောင့် တောင်သူများနစ်နာမှုမရှိစေရေး အစိုးရက အခြေခံဈေးနှုန်းဖြင့်ဝယ်ယူပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဒုတိယဥက္ကဌ ဦးအောင်သန်းဦးကတောင်းဆိုသည်။ မြန်မာနိုင်ငံ၏ အခြေခံ ရည်ညွှန်း




စပါးဈေးနှုန်းသည် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း သတ်မှတ်ထားသည်။ အခြေခံစပါးဈေးနှုန်းကို ၂၀၁၈ အတွင်း အစိုးရက သတ်မှတ်ထားခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။ စပါးဈေး ကျဆင်းမှုကြောင့် ပဲခူးတိုင်း အနောက်ခြမ်း ဇီးကုန်းမြို့နယ်မှ လယ်သမားအချို့ ဆန္ဒထုတ်ဖော်မှု ပြုလုပ်ပြီး သုံးရက်အကြာ ယမန် နေ့ကပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ဦးအောင်သန်းဦး ကပြောသည်။

လက်ရှိလယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်သားအင်အားရှားပါးမှုကြောင့် ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူရင်းနှီး မြှုပ်နှံခြင်း၊ ငှားရမ်းခြင်းတို့ဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြရသည်။ ထို့ကြောင့် တောင်သူများ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများပြားပြီး သီးနှံပေါ်ချိန်တွင် ငွေလိုအပ်သဖြင့် ရောင်းချလိုမှု များကြောင်း ဦးအောင်သန်းဦးကရှင်းပြသည်။ တစ်နှစ်ထက်တစ်နှစ် ကုန်ဈေးနှုန်းကကြီးတော့ ကုန်ကျစရိတ်က များတယ်။ ဒီနှစ်စပါးဈေးက လယ်သမားများအတွက်အတော်ထိတယ်ဟု အုတ်တွင်းမြို့နယ်ရှိ လယ်သမားဦးဝင်းက ပြောသည်။ ပဲခူးတိုင်းအရှေ့ခြမ်းတွင်လည်း စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းလေးသောင်း ဈေးဖြင့် စပါးတင်း တစ်သိန်းလေးသောင်းခန့်ကို မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က ဝယ်ယူခဲ့သည်။

လက်ရှိမြန်မာနိုင်ငံ၏ စပါးဈေးနှုန်းကျဆင်းရမှုသည် တရုတ်ဈေးကွက်မှ ဆန်ဝယ်ယူတင်သွင်းမှုရပ်ဆိုင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တာဝန်ရှိသူများကပြောသည်။ တရုတ်ဈေးကွက် ပိတ်ဆို့ခြင်းခံရပြီးနောက် ရှစ်လအတွင်း မြန်မာနိုင်ငံတွင် ပြည်ပတင်ပို့သည့် ဆန်ကြမ်း လက်ကျန်တန်ချိန်သုံးသန်းခွဲကျော် ကျန်ရှိနေသည်။ ပြီးခဲ့သည့်နှစ်များက ပြည်တွင်း၌ဆန်ကြမ်းလက်ကျန် တန်ချိန်လေးသိန်းမှငါးသိန်းအကြားသာရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။

**Source:** http://www.7daydaily.com/story/157118

## မြန်မာနိုင်ငံမှာ ငွေရေးကြေးရေးနည်းပညာပိုင်း စိန်ခေါ်မှုအစီအစဉ် စတင်မိတ်ဆက်

မြန်မာနိုင်ငံမှာ အများနှင့် အကျုံးဝင်သော ငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူ ပြုမယ့် ငွေရေးကြေးရေး နည်းပညာပိုင်းစိန်ခေါ်မှု အစီအစဉ်မိတ်ဆက်ပွဲကို မေလ ၂၂ ရက်နေ့က ရန်ကုန်မြို့ Chatr–ium Hotel မှာ ကျင်းပခဲ့ပါတယ်။ သည်အစီအစဉ်ကိုတော့ UK aid နဲ့ Aus AIDရဲ့ ဘဏ္ဍာရေးပံ့ပိုးမှုဖြင့် Dana Facility ကုလသမဂ္ဂရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့(UNCDF)အာရှဖွံ့ဖြိုးရေးဘဏ် ADB Ventures အဖွဲ့ မြန်မာနိုင်ငံဗဟိုဘဏ်နဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့က ပူးပေါင်း ကျင်းပတာ ဖြစ်ပါတယ်။ အစီအစဉ်ကို မြန်မာနိုင်ငံမှာ လူအများနဲ့ အကျုံးဝင်တဲ့ ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းတွေကိုမြှင့်တင်ဖို့အတွက် တီထွင်ဆန်းသစ်မှုတွေ အားကောင်းလာအောင် ရေးဆွဲထားတာဖြစ်တယ်လို့သိရပါတယ်။ သည်အစီအစဉ်ဟာ ADB ရဲ့ ပံ့ပိုးမှုနဲ့ ဆောင်ရွက်လျက်ရှိတဲ့ Fintech Lab မဲခေါင်ဒေသတွင်း အစီအစဉ် အတွဲဆက်တွေရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာလည်း အလားတူ fintech တွေကို အကောင်အထည်ဖော်ဆောင်လျက် ရှိပြီ မြန်မာနိုင်ငံမှာလည်း ဖော်ဆောင်သွားမယ်လို့ သိရပါတယ်။ သည်ငွေရေးကြေးရေး နည်းပညာပိုင်း စိန်ခေါ်မှု အစီအစဉ်မှာ ဘဏ္ဍာရေးအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး အသေးစားအာမခံလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာ ငွေကြေးပံ့ပိုးမှု၊ ဘဏ္ဍာရေးဆိုင်ရာ သိမြင်နားလည်မှုနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် အထောက်အထားစိစစ် အတည်ပြုတဲ့စနစ်ရဲ့(eKYC) အစရှိတဲ့

ကဏ္ဍများမှာ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေဖို့ စိတ်ပါဝင်စားတဲ့ ပြည်တွင်းပြည်ပက Fintech ကုမ္ပဏီတွေကိုလည်း ပါဝင်ဖို့ဖိတ်ခေါ်နေကြောင်း သိရပါတယ်။ သည်အစီအစဉ်ကို စိတ်ဝင်စားတဲ့ Fintech ကုမ္ပဏီတွေအနေနဲ့ ၂၀၁၉ ဖွန်လက စပြီး လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ သည်အစီအစဉ်မှာ အဆင့်ဆင့်ဝင် ရောက်ယှဉ်ပြိုင်ပြီး အကောင်းဆုံးအဖြစ် ရွေးချယ်ခံရတဲ့ငွေရေးကြေးရေး နည်းပညာ ဖြေရှင်းနည်းလမ်းတွေ ကိုတော့ ၂၀၁၉ နိုဝင်ဘာလမှာ ကျင်းပမယ့် Myanmar Fintech Day မှာ ဝင်ရောက်ပြသနိုင်မယ့် အခွင့်အလမ်းတွေ ရရှိမှာဖြစ်တယ်။

ငွေရေးကြေးရေးနည်းပညာပိုင်း စိန်ခေါ်မှုအစီအစဉ်ကတစ်ဆင့် ဖြေရှင်းနည်းလမ်းတွေကို Fintech ကုမ္ပဏီတွေက မြန်မာ့ဘဏ္ဍာရေး ဝန်ဆောင်မှုပေးတဲ့သူတွေကို ပြသပေးသွားမှာဖြစ်တဲ့အတွက် ဒီအစီအစဉ်ကို သဘောကျပါတယ်၊ ဒီစိန်ခေါ်မှုကတစ်ဆင့် ငွေရေးကြေးရေးနည်းပညာသစ်တွေ၊ စီးပွားရေး လုပ်ငန်းပုံစံအသစ်တွေကို တွေ့မြင် စမ်းသပ်ရမှာ ဖြစ်ပါတယ်၊ ကျွန်မတို့နိုင်ငံအနေနဲ့ ဒီလိုဆန်းသစ်တီထွင်လုပ်ဆောင်မှုမျိုးတွေ လိုအပ်နေပါတယ်လို့ မြန်မာ့ အာမခံလုပ်ငန်း မှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦးကပြောပါတယ်။ UK aid မြန်မာရဲ့ Inclusive and Livelihoods အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ Tom Coward အနေနဲ့ သည်အစီအစဉ်ကနေ ရရှိလာမယ့် ငွေရေးကြေးရေး နည်းပညာအသစ်တွေပါဝင်တဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ထုတ်ကုန်အသစ်တွေကတစ်ဆင့် အများနဲ့အကျုံးဝင်တဲ့ ငွေရေးကြေးရေးလုပ်ငန်းတွေကို လွယ်ကူချောမွေ့စေမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားဖို့ကောင်းကြောင်းနဲ့ UK aid အနေနဲ့ မြန်မာနိုင်ငံမှာ အများနဲ့အကျုံး ဝင်တဲ့ ငွေကြေးဝန်ဆောင်မှုတွေရရှိဖို့အတွက် ငွေရေးကြေးရေး နည်းပညာကဏ္ဍကို အလေးပေးဆောင်ရွက်နေကြောင်း ပြောခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-33602

## မြန်မာ-မိုဇမ်ဘစ် နှစ်နိုင်ငံကုန်သွယ်မှု အလားအလာကောင်း

မြန်မာ-မိုဇမ်ဘစ် နှစ်နိုင်ငံကုန်သွယ်မှုအတွက် မြန်မာနိုင်ငံကတည်ထောင်ထားရှိတဲ့ National Trade Portal and Trade Repository Web-site ရဲ့ မူရင်းကုတ် (source code)ကို မိုဇမ်ဘစ်နိုင်ငံအနေနဲ့ ကူးယူသုံးစွဲခွင့်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)ကို နှစ်နိုင်ငံကြားလက်မှတ်ရေးထိုးပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့အတွက် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက်ကို လိုက်ပါအကောင်အထည်ဖော်နေပါတယ်။ သည်သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံတိုင်းဟာ ကုန်သွယ်မှုသတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာဖြစ်စေဖို့ National Trade Repository တွေတည်ထောင်ပြီး အာဆီယံရဲ့ ASEAN Trade Repository ကို ချိတ်ဆက်ထားကြရမှာဖြစ်ပါတယ်။ သည်လိုအကောင်အထည်ဖော်ဖို့ လိုက်ပါဆောင်ရွက်ရမယ့် တာဝန်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနဟာ USAID ရဲ့ ကူညီထောက်ပံ့မှုနဲ့ ၂၀၁၆ ခုနှစ် မေလ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံကုန်သွယ်မှုသတင်းအချက်အလက်များ ဘဏ္ဍာတိုက် National Trade Portal and Trade Repository Website –www.myanmartradeportal.gov.mm ကို တရားဝင်လွှင့်တင်ခဲ့ပါတယ်။

ကုန်သွယ်မှုသတင်းအချက်အလက်များဘဏ္ဍာတိုက်မှာ ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေနဲ့လုပ်ထုံး လုပ်နည်းတွေ၊ အကောက်ခွန်နှုန်းထားတွေနဲ့ ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်တွေကို မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာနဲ့ ဖော်ပြထားပါတယ်။ ဒါ့အပြင်ကုန်စည်တွေတင်သွင်းရာမှာ သက်ဆိုင်ရာဌာနတွေက စည်းကြပ်ထားတဲ့ အကောက်ခွန်မဟုတ်တဲ့ စီမံဆောင်ရွက်မှုတွေ Non-tariff Measures-NTMs ကိုလည်း ကုန်စည်အလိုက်ခွဲခြားပြီး လုပ်ထုံးလုပ်နည်းတွေနဲ့ ချိတ်ဆက်ဖော်ပြပေးထားတယ်လို့ သိရပါတယ်။ သည်ဝက်ဘ်ဆိုက်ကို တည်ထောင်စဉ်က လာအိုနိုင်ငံက Source Code ကို ကူးယူ ဆောင်ရွက်ခဲ့ပြီး ဝက်ဘ်ဆိုက်ရေရှည် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် USAID ရဲ့အကူအညီနဲ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်တွ ဆောင်ရွက်ခဲ့ပြီး မူလ ဝက်ဘ်ဆိုက် နေရာမှာ အဆင့်မြှင့် တင်ထားတဲ့ ဝက်ဘ်ဆိုက်ကို အစားထိုး လွှင့်တင်တာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ မှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

လက်ရှိမှာတော့ သည်လိုအဆင့်မြှင့်တင်ထားတဲ့ ဝက်ဘ်ဆိုက်ရဲ့မူရင်းကုတ် (Source Code) ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မိုဇမ်ဘစ်နိုင်ငံဟာ WTO ရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် (Trade Facilitation Agreement-TFA) ပါ ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာရှိစေရေး အကောင်အထည်ဖော်နိုင်ဖို့ Moza-mbique Trade Portal တည်ထောင်နိုင်ရေးအတွက် ကူးယူသုံးစွဲခွင့်ပြုဖို့နဲ့ trade portal ကို အောင်မြင်စွာထူထောင်နိုင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အတွေ့အကြုံနဲ့ အောင်မြင်မှုတွေကို လာရောက်လေ့လာလိုကြောင်း တောင်းဆိုလာတာလို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-33594

## ဆီထွက်သီးနှံဖူလုံရေးအတွက် မိုးကြို ဆောင်းမြေပဲ တိုးချဲ့စိုက်ပျိုးရန်လိုအပ်



မြန်မာနိုင်ငံအတွင်း မြေပဲဧက ၃ သန်းခန့်ကို မိုးကြို ဆောင်းသီးနှံအနေဖြင့် တစ်နှစ်လျှင်သုံးကြိမ် စနစ်တကျစိုက်မည် ဆိုပါက စားသုံးဆီဖူလုံရေး ရည်မှန်းချက်ပြည့်မီလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဦးခင်စိုးကပြောသည်။ ဒီလိုလုပ်လာနိုင်မယ်ဆိုရင် မြန်မာပြည်မှာလိုအပ်နေတဲ့ ဆီတန်ချိန် တစ်သန်းအတွက် အာမခံလာနိုင်မှာဖြစ်တယ်။ မြေပဲ၊ နှမ်းနဲ့ နေကြာစိုက်နိုင်မယ့် မြေဧက ၉ သန်းကျော်ရှိနေပါသေးတယ်ဟု ၎င်းကပြောသည်။

ဆီထွက်သီးနှံအများဆုံးစိုက်သည့် တိုင်းဒေသကြီးတွင်တစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီးတွင် ယခင်နှစ်က မိုးမြေပဲ စိုက်ဧက ၂၂၀,၀၀၀ ကျော်ရှိရာမှ ယခုနှစ်တွင် မိုးမြေပဲ စိုက်ဧက ၄၈၀,၀၀၀ ကျော်ရှိလာ၍ အခြားတိုင်းနှင့်ပြည်နယ်အစိုးရများမှ တွန်းအားပေးရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။ ထို့ပြင် မြေပဲ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ကျော်အထိ ရရှိရန်မျှော်မှန်းဆောင်ရွက်နေကြောင်း၊ လက်ရှိထိုင်ဝမ်နှင့်တရုတ်ပြည်မတွင် တစ်ဧကအထွက်နှုန်း တင်း ၁၅၀ ခန့်ထိ ထွက်ရှိနေကြောင်း၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တင်း ၈၀ မှ ၉၀ ကျော်နှင့် အာဖရိကနိုင်ငံတွင် တင်း ၆၀ မှ ၇၅ ခန့်ထွက်ရှိနေပြီး မြန်မာတွင် ပျမ်းမျှတင်း ၃၅ မှ ၅၀ ကြားသာ ထွက်ရှိနေသေးကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် မြေပဲအစိုက်များဆုံးဒေသများမှာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့၊ မြောင်မြို့တို့ဖြစ်ကြပြီး ဧရာဝတီတိုင်းဒေသကြီး၊ အင်ပင်မြို့၊ ကြံခင်းမြို့၊ မြန်အောင်မြို့စသည့်ဒေသများ၌လည်းစိုက်ပျိုးလျက်ရှိသည်။ လက်ရှိမြန်မာနိုင်ငံတွင် တောင်သူအများဆုံးစိုက်သည့် မြေပဲမျိုးများမှာ ဆင်းပဒေသာ (၆)၊ ဆင်းပဒေသာ (၁၂) ၊သက်လျှင် ဆင်းပဒေသာ (၇)၊ ဆင်းပဒေသာ (၁၁) နှင့် ဆင်းပဒေသာ (၁၃) တို့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုထားခြင်းဖြစ်သည်။ မြေပဲကို ပြည်ပနိုင်ငံပေါင်း ၁၀ ခုသို့ နှစ်စဉ် တင်ပို့နေပြီး တရုတ်နှင့်ထိုင်းနိုင်ငံသို့ တန်ချိန်ရှစ်သောင်းကျော်ထိ တင်ပို့နေရကြောင်းသိရသည်။

**Source: AMIA**http://www.amiamyanmar.com/detail.aspx?id=8060

## STOCK EXCHANGE (28.5.19)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th May. 2019


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 1,472 | 16,192,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 9,830 | 31,456,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 30 | 231,000 | 10,400,986 | 80,088 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,500 | 22,500 | 22,500 | 6 | 135,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | -50 | -1.69% | 3,000 | 3,000 | 2,900 | 3,935 | 11,423,000 | 12,212,906 | 35,417 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.04 | +0.45 | +0.10% | 435.94 | 435.94 | 435.04 | 15,273 | 59,437,000 | 5 | 593,939 |

**Index chart**





# Market Overview

As of 11:00 am, 28th May. 2019

| MYANPIX | 435.04 ▲ 0.45 |
|---|---|
| Total Volume (shares) | 11,984 |
| Total Value (MMK) | 47 mil |
| Listed Company | 5 |
| Market Cap. (MMK) | 593,939 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,900 | ▼ 50 |